# People's Defence Force (Kalay)

## တိုက်ပွဲသတင်းထုတ်ပြန်ချက်

ဒီဇင်ဘာလ ၂၉ ရက်၊ ၂၀၂၁ ခုနှစ်

ကလေးမြို့နယ်တောင်ပိုင်း နတ်ချောင်းကျေးရွာတွင်တပ်စွဲထားသော အကြမ်းဖက်စစ်ကောင်စီ တပ်ဖွဲ့များသည် ယနေ့နံနက် ၆ နာရီခန့်မှစတင်၍ ချောင်းခွရွာမှတဆင့် ဟားခါးလေးရွာ နှင့် ရေစိုရွာများဘက်သို့ ဦးတည်၍ စစ်ကြောင်းထိုးလာခဲ့ရာ PDF (Kalay) ၊ CNDF နှင့် ပ.က.ဖ ပူးပေါင်းတပ်ဖွဲ့များက နံနက် ၉ နာရီခန့်တွင် ချောင်းခွရွာနှင့် ဟားခါးလေးရွာအကြားမှ စတင်ဖြတ်တောက်တိုက်ခိုက်ခဲ့ပြီး တိုက်ပွဲပြင်းထန်ခဲ့ပါသည်။ နေ့လည် ၁ နာရီခွဲခန့်တွင် ဆက်လက် စစ်ကြောင်းထိုးတက်လာသော အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များကို ဟားခါးလေးရွာနှင့် ရေစိုရွာအကြားတွင် ပူးပေါင်းတပ်ဖွဲ့များက အသင့်ပြင်ဆင်ထားသည့် မိုင်းများဖြင့် ဖောက်ခွဲ တိုက်ခိုက်ခဲ့ပြီး ညနေ ၃ နာရီခန့်အထိ တိုက်ပွဲဆက်လက်ဖြစ်ပွားခဲ့ပါသည်။ တိုက်ပွဲအတွင်း အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များသည် အမြောက်လက်နက်ကြီးများဖြင့် အကြိမ်ရေ အမြောက်အများ ပစ်ခတ်ခဲ့ပါသည်။

ယနေ့တိုက်ပွဲအတွင်း ပူးပေါင်းတပ်ဖွဲ့များဘက်မှ စနိုက်ပါဖြင့် ပစ်ခတ်မှုကြောင့် မင်းအောင်လှိုင်လက်ပါးစေ အကြမ်းဖက်စစ်သား ၄ ဦးသေဆုံးပြီး၊ မိုင်းခွဲတိုက်ခိုက်မှုအတွင်း၌လည်း မင်းအောင်လှိုင်လက်ပါးစေ အကြမ်းဖက်စစ်သား ၁၀ ဦးခန့် ထိမှန်သေဆုံးသွားကြောင်း သိရပါသည်။ PDF (Kalay) ၊ CNDF နှင့် ပ.က.ဖ ပူးပေါင်းတပ်ဖွဲ့များဘက်မှ ထိခိုက်ကျဆုံးမှု မရှိပါ။

အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များသည် ယနေ့၎င်းတို့စစ်ကြောင်းထိုးရာ လမ်းတလျှောက်ရှိ ချောင်းခွ၊ ဟားခါးလေးရွာများအတွင်း နေအိမ်များကို မီးရှို့ဖျက်စီးမှုများ ပြုလုပ်သွားကြောင်းလည်း သိရပါသည်။